EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၉ | အောက်တိုဘာ ၂၂ ရက်၊ ၂၀၁၉

## လွှတ်တော်တွင် အစီရင်ခံစာမဝေရန် ရန်ကုန်တိုင်းအစိုးရ ညွှန်ကြားခဲ့ဟု စာရင်းစစ်ချုပ်ပြော

**အောက်တိုဘာ ၁၈၊၂၀၁၉**

နှစ်စဉ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းထံဖြန့်ဝေသည့် ရန်ကုန်တိုင်းစာရင်းစစ်ချုပ်အစီအရင်ခံစာအား ယခုနှစ်တွင် ပေးဝေခြင်းမပြုဘဲ ဝန်ကြီးချုပ်နှင့်လွှတ်တော်ဥက္ကဋ္ဌတို့ထံသာပေးရန် တိုင်းအစိုးရအဖွဲ့က ညွှန်ကြားခဲ့ကြောင်း တိုင်းစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ပြောသည်။

ယင်းအစီအရင်ခံစာသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းအစိုးရ ဌာနဆိုင်ရာများ၏ လုပ်ဆောင်ခဲ့မှုများအပေါ် စာရင်းစစ်ချုပ်ရုံး၏ စိစစ်တွေ့ရှိချက်များဖြစ်ပြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း ဦးဆောင်သည့် တိုင်းအစိုးရအဖွဲ့၏ ဒုတိယမြောက် တစ်နှစ်တာ ဆောင်ရွက်ချက်များဖြစ်သည်။

"ပြည်ထောင်စုလွှတ်တော်မှာ ကျင့်သုံးသလို စာရင်းစစ်ချုပ် အစီအရင်ခံစာကို ဝန်ကြီးချုပ်ကို တစ်အုပ်၊ လွှတ်တော်ဥက္ကဋ္ဌကို တစ်အုပ်ပဲပေးပါလို့ တိုင်းအစိုးရအဖွဲ့ဆီက စာရောက်လာတယ်။ စာအုပ်တွေ ၁၅၀ လောက်က လက်မှတ်လည်းထိုးပြီးပြီ၊ လုပ်လည်းပြီးပြီ။ အန်တီက စဉ်းစားတယ်။ အငြင်းပဲပွားရမလားပေါ့။ နောက်တော့ တိုင်းအစိုးရအဖွဲ့က ညွှန်ကြားချက်ဆိုတော့လည်းလိုက်နာရမယ်ဆိုတဲ့ သဘောတရားနဲ့ အန်တီတို့က လိုက်နာလိုက်တယ်"ဟု စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ပြောသည်။

စာရင်းစစ်ချုပ်ရုံးအနေဖြင့် အစီအရင်ခံစာစာအုပ်နှစ်အုပ်သာပေးပို့ရန် ညွှန်ကြားသည့်စာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

ညွှန်ကြားချက်အရ စာရင်းစစ်ချုပ်ရုံးအနေဖြင့် အစီရင်ခံစာအား ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ထံ ဇူလိုင် ၁ ရက်နေ့ကတည်းက ပို့ပေးခဲ့ခြင်းဖြစ်သော်လည်း တစ်လခန့်အကြာ စက်တင်ဘာပထမပတ်မှသာ ပြည်သူ့ငွေစာရင်းကော်မတီက စိစစ်ရန် လက်ခံရရှိခဲ့ကြောင်းလည်း ကော်မတီထံကသိရသည်။

အထက်ပါအကြောင်းကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းထံ အောက်တိုဘာ ၁၆ ရက်နေ့က ဧရာဝတီက ဆက်သွယ်မေးမြန်းခဲ့သော်လည်း မှတ်ချက်ပြု ဖြေကြားခြင်းမရှိပေ။

လက်ရှိတွင် စာရင်းစစ်ချုပ် အစီအရင်ခံစာအားတိုင်းလွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီ တစ်ခုတည်းကသာ စိစစ်နေပြီး နိုဝင်ဘာလတွင် လွှတ်တော်သို့တင်သွင်းရန် စီစဉ်ထားကြောင်း ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က ပြောသည်။

အစီအရင်ခံစာနှင့်ပတ်သက်ပြီး ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးတင့်လွင်၏ 7 Day သတင်းစာသို့ပြောကြားခဲ့သည့် "စာရင်းစစ်ချုပ်က တိုက်ရိုက်တင်သွင်းမပြုဘဲ ကော်မတီကတစ်ဆင့်သာ တင်သွင်းရန်စီစဉ်ထားကြောင်း" ဆိုသည်မှာလည်း စာရင်းစစ်ချုပ်က လွှတ်တော်သို့ တင်ပြခြင်း မပြုတော့မည့်သဘောသက်ရောက်နေသည့်အတွက် မှားယွင်းကြောင်း ဒေါ်ခင်သန်းလှကရှင်းပြသည်။

"နှစ်တိုင်းနှစ်တိုင်း အန်တီ (စာရင်းစစ်ချုပ်)ကိုယ်တိုင် အစီအရင်ခံစာအကျဉ်းချုပ်ကို လွှတ်တော်မှာဖတ်ကြားပြီး တင်သွင်းပါတယ်။ နောက်ပြီးကျတော့ စာအုပ်တွေကို အရင်ပေးဝေထားတယ်ပေါ့နော်၊ ဒီနှစ်လည်း လွှတ်တော်မှာ ကိုယ်တိုင်ဖတ်ကြားတင်သွင်းမယ့်အကြောင်း လွှတ်တော်ဥက္ကဋ္ဌဆီ စာပို့မှာပါ"ဟု ၎င်းကပြောသည်။

ယခုကဲ့သို့စာရင်းစစ်ချုပ်အစီအရင်ခံစာအား လွှတ်တော်ကိုယ်စားလှယ်များထံ ပေးဝေခြင်းမပြုသည့်လုပ်ရပ်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ပြောကြားလျက်ရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရလည်း ပေးကိုပေးရမည်ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

"လွှတ်တော်တင်ပြရမယ်ဆိုတာက လွှတ်တော်ဥက္ကဋ္ဌကိုပဲ တင်ပြရမယ်ဆိုတာမျိုးမဟုတ်ဘူး။ ကျွန်တော်တို့ တစ်ယောက်ချင်းစီက လွှတ်တော်ရဲ့အစိတ်အပိုင်းဖြစ်တယ်။ လွှတ်တော်ဥက္ကဋ္ဌကိုပေးရဲ့သားနဲ့ ကျွန်တော်တို့ကို မပေးဘူးဆိုရင်တော့ လွှတ်တော်ဥက္ကဋ္ဌတာဝန်ပေါ့နော်။ ဘယ်သူက မပေးတာလဲဆိုတာတော့ ကျွန်တော်တို့လည်း မသိဘူး။ ဥပဒေအတိုင်းပဲ လုပ်စေချင်တယ်။ ကျွန်တော်တို့အလုပ် ကျွန်တော်တို့လုပ်ဖို့လိုအပ်တယ်"ဟု သင်္ဃန်းကျွန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ပြောသည်။

ဦးဖြိုးမင်းသိန်းလက်ထက် ရန်ကုန်တိုင်းအစိုးရ၏ ပထမတစ်နှစ်တာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စာရင်းစစ်ချုပ် အစီအရင်ခံစာအရ အစိုးရဌာနများ၏ အားနည်းချက်၊ အားသာချက်များအား ဝေဖန်ထောက်ပြမှုများပြုလုပ်ခဲ့သော်လည်း အစိုးရဘက်က လာရောက်ဖြေရှင်းမပြုခဲ့ကြောင်း လွှတ်တော် ကိုယ်စားလှယ်များက ပြောသည်။

**(ကိုးကား-https://burma.irrawaddy.com)**

# မကွေးအစိုးရဌာနဆိုင်ရာအဆောက်အအုံများ၏ အရည်အသွေးကို တိုင်းလွှတ်တော်မှ စိစစ်မည်

**အောက်တိုဘာ ၈ ရက်၊ ၂၀၁၉**

မကွေးတိုင်းဒေသကြီးအတွင်း အစိုးရဘဏ္ဍာငွေဖြင့် စာသင်ကျောင်း၊ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီအချို့သည် ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးညံ့ဖျင်းခြင်းများ ရှိသည့်အတွက် စိစစ်ပေးရန် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးတာက တိုင်းလွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ အကြောင်းကြားစာပေးပို့ထားကြောင်း သိရသည်။

ညွှန်ကြားစာနှင့်ပတ်သက်ပြီး ကံမ၊ မင်းတုန်းနှင့် တောင်တွင်းကြီးမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုချက်အရ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို အားမရမှုများရှိသလိုရာသီဉတုအခြေအနေအရ ကုမ္ပဏီများ၏အခက်အခဲများနှင့် အဆောက်အဦများသည် အရည်အသွေးပိုင်းဆိုင်ရာ စိတ်ချယုံကြည်ရမှုမရှိ၍ စိုးရိမ်မှုများရှိနေကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မြို့နယ်မှ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာတည်ဆောက်နေသည့် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကောင်း၊ သင့်၊ ညံ့ အမျိုးအစားသုံးမျိုးခွဲပြီး လာမည့် နိုဝင်ဘာလ ၁ ရက်နေ့နောက်ဆုံးထားတင်ပြရန် ညွှန်ကြားထားခြင်းဖြစ်သည်။

"ညံ့" ဟု မှတ်ချက်ပေးခံရသည့်ကုမ္ပဏီများက ကြိုက်မည် မဟုတ်၍ လျှို့ဝှက်စနစ်နှင့် လွှတ်တော်ဥက္ကဋ္ဌထံ အသိပေးမည်ဖြစ်ကြောင်း သိရသည်။ ကိုယ်စားလှယ်များ၏တင်ပြချက်ကို လွှတ်တော်ဥက္ကဋ္ဌက အစိုးရ အဖွဲ့ကို ဆက်လက် အသိပေးသွားမည်ဖြစ်သည်။

ကိုယ်စားလှယ်များက ကောင်း၊ သင့်၊ ညံ့ ခွဲရာတွင် "ကောင်းဆိုတဲ့ အဖြေရဖို့ကတော့ တော်တော်လေးခဲယဉ်းတယ်။ ကျွန်တော်တို့ မြို့နယ်ထဲမှာ။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းအကောင်အထည်ဖော်နေတာ တိုးတက်မှု ကျွန်တော်တို့မြို့နယ်ထဲမှာ ရခိုင်နှုန်းအားနည်းတာ။ ကောင်း၊ သင့်၊ ညံ့ဆိုတာ သူရဲ့လုပ်ငန်းကာလထဲမှာ လုပ်ငန်းအချိန်မီပြီးစီးတယ်။ QC ကလည်း ထောက်ခံတယ်ဆို ဒါကောင်းတာပေါ့။ QC ကလည်း Work Done တွေမှာ လိုအပ်ချက်တွေ ရှိတယ်လို့ ပြောတယ်။ နောက်တစ်ခါ လုပ်ငန်းတိုးတက်မှု ရာခိုင်နှုန်းကလည်း အားနည်းတယ်ဆိုရင် ဒါက ကျွန်တော်တို့က သင့်တယ်။ ဒါမှမဟုတ် ညံ့တယ်။ ဒီလိုလည်း မှတ်ချက်ပေးမှာပါ။" ဟု ကံမမြို့နယ် ကိုယ်စားလှယ် ဦးဇော်ဝင်းက ပြောသည်။

တစ်ဘက်မှာလည်း လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်က ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ပညာရှင်များမဟုတ်၍ ယခုလိုစစ်ဆေးရာမှာ အလုံးစုံနားမလည်နိုင်သည့် အခြေအနေများ၊ ပညာရှင်မဟုတ်သူများ၏ စစ်ဆေးတင်ပြချက်အပေါ် ဆုံးဖြတ်ခံရမှုအတွက်လည်း လုပ်ငန်းရှင်များက မကျေလည်မှုများရှိနေသည်။

မကွေးတိုင်းအခြေစိုက် ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်တဲ့ ဦးဇော်သိန်းအောင်က တင်ဒါစခေါ်ကတည်းက အစိုးရဘက်က အရည်အသွေးသက်မှတ်ချက်ကို အတိအကျပြောပေးမှ လုပ်ငန်းဆောင်ရွက်သူများအနေနှင့် လုပ်သာကိုင်သာရှိမည်ဟု ဆိုသည်။

မကွေးတိုင်းဒေသကြီးလွှတ်တော်ဘက်မှ ဤကဲ့သို့သောစစ်ဆေးမှုများကို ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်သည်။

(ကိုးကား:-https://www.rfa.org/burmese/)

# တပ်ကိုယ်စားလှယ်များ လူထုနှင့်တွေ့ပြီးနောက် လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်ပြဋ္ဌာန်းရန်ပြင်

**အောက်တိုဘာ ၁၇၊၂၀၁၉**

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအကြား အပြန်အလှန်လေးစားမှုမရှိသည့် အပြုအမူများ မပေါ်ပေါက်စေရေး လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာကျင့်ဝတ်ကို သီးခြားသတ်မှတ်ပြဋ္ဌာန်းရန် လွှတ်တော်တင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ဆိုသည်။




**စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ညွှန်ကြားသဖြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာဒေသများသို့ သွားရောက်ကာ လူထုနှင့်တွေ့ဆုံခဲ့မှုများ ပြီးခဲ့သည့်ရက်ပိုင်းက ဖြစ်ပေါ်ခဲ့အပြီးတွင် လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကျင့်ဝတ်ပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်လာခြင်းဖြစ်သည်။

ယင်းကျင့်ဝတ်မူကြမ်းကို ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ရေးဆွဲထားခြင်းဖြစ်ပြီး နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော် ၁၄ ကြိမ်မြောက် အစည်းအဝေးကာလအတွင်း တင်သွင်းအတည်ပြုရန် မျှော်မှန်းထားကြောင်း ယင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာလှမိုးက ဆိုသည်။

လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများတွင် လွှတ်တော်ကိုယ်စားလှယ်ကျင့်ဝတ်၊ စည်းကမ်းများပါဝင်ပြီးဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များအပေါ် ပြည်သူတို့၏ယုံကြည်မှု ပိုမိုရရှိစေရန်၊ ဒီမိုကရေစီစနစ်ခိုင်မာလာစေရေး လွှတ်တော်များ ပိုမိုအားကောင်းလာစေရေးတို့အတွက် ယင်းကျင့်ဝတ်ကို သီးခြားပြဋ္ဌာန်းရန် စီစဉ်ရခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ယင်းကျင့်ဝတ်မူကြမ်းတွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကသာ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် မဲဆန္ဒရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်။

(ကိုးကား:-https://www.myanmar-now.org)

# မွန်လွှတ်တော်အစည်းဝေးတွင် ဝန်ကြီးနှင့်လွှတ်တော်ကိုယ်စားလှယ် အပြန်လှန်ငြင်းခုံမှုဖြစ်

**အောက်တိုဘာ ၇၊၂၀၁၉**

ကိုယ်စားလှယ်ကိုယ်တိုင် ကာယကံရှင်ခေါ်၍ လဝကမှာသွားစစ်ကြည့်ပါဟု လွှတ်တော်အစည်းအဝေးမှာ ပြောဆိုလိုက်သော ဝန်ကြီးကို လွှတ်တော်ကိုယ်စားလှယ်က မနေ့တစ်နေ့ကမှ ဝန်ကြီးဖြစ်လာတာပါ၊ ကိုယ်စားလှယ်ကိုမလေးစားချင်နေပါ၊ လွှတ်တော်ကိုလေးစားပါဟု တုန့်ပြန်ပြောဆိုမှု ဖြစ်ပွားခဲ့ပါသည်။

အောက်တိုဘာလ ၇ ရက်နေ့က ကျင်းပပြုလုပ်သော ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့) ၌ နှစ်ဦးနှစ်ဖက် ပြောဆိုခဲ့ကြခြင်းဖြစ်သည်။

မွန်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် လည်းကောင်း၊ သန်းခေါင်စာရင်းပြုလုပ်ရာတွင် လည်းကောင်း မိဘ၏ဖြစ်တည်မှုအတိုင်း ထည့်သွင်းရေးသားထားခြင်းမရှိသည့် ဖြစ်ဉ်များနှင့်ပတ်သက်၍ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က မေးခွန်းမေးမြန်းခဲ့သည်။

မိဘနှစ်ပါးလုံး၏ မှတ်ပုံတင်တွင်ပါဝင်ခြင်းမရှိခဲ့သော လူမျိုးအမည်သည် သားသမီးများ၏ မှတ်ပုံတင်တွင် ထည့်သွင်းထားခြင်းသည် မှားယွင်းမှုဖြစ်ပါက ပြန်လည်ပြင်ဆင်ပေးရန်လိုအပ်ကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်မေးသော မေးခွန်းသည် မွန်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ခြင်းမရှိဘဲ ပြည်ထောင်စုအစိုးရနှင့်သာ သက်ဆိုင်သော မေးခွန်းဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်က ပြန်လည်ပြောဆိုခဲ့သည်။

ဦးထွန်းမင်းအောင်က "ဌာနက မှားတာလား၊ သေချာသိချင်တယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် အဲလူတွေကိုခေါ်ပြီး လဝကမှာ သွားစစ်ကြည့်ပါ၊ သေချာသိချင်ရင် ကိုယ်တိုင်သွားစစ်ပါ"ဟု ပြည်နယ်လွှတ်တော်သို့ ထပ်မံပြောဆိုခဲ့သည်။

ထိုသို့ဖြေကြားခြင်းကို ဒေါ်ခိုင်ခိုင်လဲ့က



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့။ (ဓာတ်ပုံ-MNA)

"ဝန်ကြီးကလည်း မနေ့တစ်နေ့ကမှ ဝန်ကြီးဖြစ်လာတာပါ၊ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လေးနှစ်နေခဲ့တဲ့သူပါ၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ကို မလေးစားချင်နေပါ၊ လွှတ်တော်ကိုလေးစားပါ၊ လွှတ်တော်ကိုလေးစားတာက ပြည်သူကိုလေးစားခြင်းဖြစ်ပါတယ်၊ လေးလေးစားစားပြန်လည်ဖြေ ကြားပေးပါ"ဟု ပြန်လည်ပြောဆိုသည်။

မေးခွန်း အမေးအဖြေနှင့်ပတ်သတ်ပြီး လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဝန်ကြီးကြား အချေအတင် ပြန်လည်ချေပခဲ့ကြသောကြောင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက တားဆီးခဲ့သည်။

"ဒါက ဒီဘိတ်မဟုတ်ပါဘူး၊ လွှတ်တော်အစည်းအဝေးဖြစ်ပါတယ်၊ ဝန်ကြီးအနေနဲ့ ကျွန်မတို့လွှတ်တော်ကို လေးစားစေချင်ပါတယ်၊ လွှတ်တော်ထဲမှာမေးတဲ့ မေးခွန်းက ပြည်သူ့တွေဆီကမေးခွန်းပါ၊ လေးလေးစားစားဖြေကြားမှသာ ပြည်သူကို လေးစားတာဖြစ်ပါလိမ့်မယ်"ဟု မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောသည်။

သက်ဆိုင်ရာဝန်ကြီးအနေဖြင့် မေးမြန်းသည့်မေးခွန်းကို တိတိကျကျဖြေကြားနိုင်ခြင်းမရှိသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်ကို သွားရောက်စစ်ဆေးရန် ပြောကြားခြင်းသည် မဖြစ်သင့်ကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးမှ စာဖြင့်ပြည့်ပြည့်စုံစုံ ပြန်လည်ဖြေကြားပေးပါရန် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

အဆိုပါမေးခွန်းသည် သထုံမြို့နယ်အတွက်သာမက တစ်ပြည်နယ်လုံးအတွက် ရည်ရွယ်မေးမြန်းခြင်း ဖြစ်သောကြောင့် သက်ဆိုင်ရာဝန်ကြီးမှ လေးလေးနက်နက် ပြန်လည်ဖြေကြားပေးသင့်ကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

(ကိုးကား - www.monnews.org)

# သမဝါယမပိုင်မြေတွင် ပြည်ခိုင်ဖြိုးရုံးဆောက်လုပ်ထားမှု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြမည်

**စက်တင်ဘာ ၂၆၊၂၀၁၉**

မတ္တရာမြို့နယ်သမဝါ ယမအသင်းပိုင်မြေပေါ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြို့နယ်ရုံးဆောက်လုပ်အသုံးပြုနေခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြမည်ဟု မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဒေါက်တာစိုးသန်းက ပြောသည်။

မတ္တရာမြို့နယ် သမဝါယမအသင်းပိုင်မြေပေါ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ရုံးဖွင့်လှစ်အသုံးပြုခြင်းနှင့်ပတ်သက်၍ သိရှိလိုကြောင်း မတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက စက်တင်ဘာ ၂၆ ရက် တိုင်းလွှတ်တော်အစည်းအဝေး၌ မေးမြန်းခဲ့သည်။

လက်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မြို့နယ်ရုံးတည်ဆောက်ထားသည့် မတ္တရာမြို့နယ် သမဝါယမအသင်းပိုင်မြေကို မွေးမြူရေးခြံ၊ ငါးကန်၊ ညှော်ရိပ်သာနှင့် လူနေဆောင်များအပါအဝင် စုစုပေါင်းမြေဧရိယာ ၄၇ ဧကကို ၁၉၈၇ တွင် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က လွှဲပြောင်းပေးအပ်ထားခြင်းဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

(ကိုးကား - https://7daydaily.com)